
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

၂၀၁၅ခုနှစ် အထွေထွေရွေးကောက်ပွဲ

# ရွေးကောက်ပွဲဆိုင်ရာအငြင်းပွားမှုများ ဖြေရှင်းခြင်း လုပ်ငန်းစဉ် သိမှတ်ဖွယ်ရာများ




၂၀၁၅ ခုနှစ်၊ ဇူလိုင်လတွင် ပြုစုထုတ်ဝေသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်


စာအုပ်ပြုစုခြင်းကို ရန်ပုံငွေ ထောက်ပံ့သည့် အဖွဲ့အစည်းများ

INTERNATIONAL FOUNDATION FOR ELECTORAL SYSTEMS
IFES
25 YEARS

Global Expertise. Local Solutions.
Sustainable Democracy.

USAID
FROM THE AMERICAN PEOPLE

# ရွေးကောက်ပွဲအငြင်းပွားမှုများ ဖြေရှင်းခြင်း လုပ်ငန်းစဉ်ဆိုင်ရာ

# “အမေးအဖြေများ”

## ရွေးကောက်ပွဲအငြင်းပွားမှုများကို ဖြေရှင်းရန် အဘယ်ကြောင့် အရေးကြီးသနည်း။

လာမည့်ရွေးကောက်ပွဲများတွင် မဲဆန္ဒရှင်များအပေါ် ခြိမ်းခြောက်ခြင်း၊ တရားမဝင် မဲဆွယ်စည်းရုံးမှုများ၊ ဆန္ဒမဲပေးခြင်းအား နှောင့်ယှက်ခြင်းနှင့် မဲရေတွက်ခြင်း လုပ်ငန်းစဉ် အစရှိသည့် ကိစ္စရပ်များကို ကိုင်တွယ်ဖြေရှင်းနိုင်ရန်အတွက် ရွေးကောက်ပွဲအငြင်းပွားမှုကို ပစ်မှတ်ထား ဖြေရှင်းရန် လွန်စွာအရေးပါလှပါသည်။ ရွေးကောက်ပွဲရလဒ်ကို ဆန့်ကျင်ကန့်ကွက်မှုမျိုး သာမက ရွေးကောက်ပွဲ အငြင်းပွားမှုများသည် ရွေးကောက်ပွဲ အဆင့်တိုင်းတွင် ဖြစ်ပွားနိုင်သည်။ အများကလက်ခံသည့် ရွေးကောက်ပွဲများအပေါ် ဆိုးကျိုးသက်ရောက်နိုင်သော ပဋိပက္ခကြီးများအသွင် မကြီးထွားမီနှင့် ယင်း ပဋိပက္ခများမှာ အကြမ်းဖက်မှုများအသွင် မကူးပြောင်းမီအချိန်တွင် အဆိုပါပဋိပက္ခများအား ဖြေရှင်းရန်မှာ အရေးကြီးလှပါသည်။ ရွေးကောက်ပွဲလုပ်ငန်းစဉ်တွင် ဥပဒေချိုးဖောက်မှု မဖြစ်ပွားစေရန်နှင့် ယုံကြည်မှု တည်ဆောက်ရန်အတွက် စည်းမျဉ်းချိုးဖောက်မှုများအား လျင်မြန်စွာ ဖြေရှင်းရေးနှင့် အရေးယူမှုများ ပြုလုပ်ရေးမှာ အရေးကြီးပါသည်။

## မည်သူက တိုင်ကြားနိုင်သနည်း။

ကျူးလွန်မှုပေါ်မူတည်ကာ တိုင်ကြားမှု ဥပဒေကြောင်းအရ ကွဲပြားနိုင်သည်။

- ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများ၊ ကိုယ်စားလှယ်လောင်း (သို့) ၎င်းအာဏာအပ်နှင်းထားသည့် ကိုယ်စားလှယ်များ၊ ရွေးကောက်ပွဲကိုယ်စားလှယ်များ၊ နိုင်ငံရေးပါတီများ၊ ကော်မရှင်အဖွဲ့ ခွဲများ၊ မဲရုံအဖွဲ့ဝင်များမှ တိုင်ကြားမှု ပြုလုပ်နိုင်သည်။
- တိုင်ကြားခြင်းလုပ်ငန်းစဉ်ကို ဖော်ပြထားသည့် ဇယားတွင် မည်သို့သော ပုဂ္ဂိုလ်က ကန့်ကွက်လွှာ (သို့) အသနားခံလွှာ တင်သွင်းခွင့်ရှိသည်ကို အသေးစိတ်ဖော်ပြထားပါသည်။

## မည်သည့်နေရာတွင် တိုင်ကြားရမည်နည်း။

ကျူးလွန်မှုအပေါ် မူတည်ကာ တိုင်ကြားမှုကို ရပ်ကွက်/ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲ၊ မြို့နယ်ကော်မရှင် အဖွဲ့ခွဲ၊ တိုင်းဒေသကြီး/ပြည်နယ်ကော်မရှင်အဖွဲ့ခွဲနှင့် ပြည်ထောင်စုနယ်မြေ ကော်မရှင်အဖွဲ့ခွဲတွင် တိုင်ရမည်။ မှတ်ချက် - ရာဇဝတ်မှုအတွက် တိုင်ကြားမှုကို ရွေးကောက်ပွဲနေ့ မတိုင်မီ၊ ရွေးကောက်ပွဲနေ့သို့မဟုတ် ရွေးကောက်ပွဲနေ့အပြီး ၁၅ ရက် အတွင်း ရဲသို့မဟုတ် ရာဇဝတ်မှုနှင့်ဆိုင်သော ဌာနသို့တိုင်ရမည်။

## မည်သည့် အကြောင်းအရာကို တိုင်ကြားနိုင်သနည်း။

တိုင်ကြားခြင်းလုပ်ငန်းစဉ်နှင့် ပတ်သက်၍ ရွေးကောက်ပွဲအငြင်းပွားမှုဖြေရှင်းခြင်းဇယားတွင် စွပ်စွဲမှုများနှင့် စီရင်ပိုင်ခွင့်အမျိုးအစားများကို ဖော်ပြထားပါသည်။

၁။ ကိုယ်စားလှယ်လောင်း ရွေးကောက်ပွဲ ဝင်ခွင့်၊

၂။ မဲစာရင်း ပယ်ဖျက်ခြင်း၊ ထည့်ခြင်း၊ ပြင်ဆင်ခြင်း၊

၃။ တရားမဝင် မဲဆွယ်ခြင်း၊
၄။ မမှန်မကန် မဲပေးခြင်း၊
၅။ မဲလိမ်လည်မှု၊
၆။ မမှန်မကန် မဲရေတွက်မှု၊
၇။ အကြမ်းဖက်ခြင်း၊ ခြိမ်းခြောက်ခြင်း၊ ခြောက်လှန့်ခြင်း၊
၈။ မီဒီယာ၊ လေ့လာစောင့်ကြည့်သူ သို့မဟုတ် ကိုယ်စားလှယ်များ လေ့လာစောင့်ကြည့်နိုင်မှု၊
၉။ အထိအခိုက်မခံသော အရာများကို ထိခိုက်ခြင်း၊
၁၀။ လုံခြုံရေးအား နှောင့်ယှက်ခြင်း၊
၁၁။ ရွေးကောက်ပွဲအသုံးစရိတ် အစီရင်ခံစာ

**ကန့်ကွက်ခြင်းဆိုသည်မှာ အဘယ်နည်း။**

ဥပဒေ သို့မဟုတ် နည်းဥပဒေများကို ချိုးဖောက်မှုဖြစ်ခဲ့ကြောင်း တစ်စုံတစ်ယောက်က စာဖြင့် စွပ်စွဲတိုင်တန်းချက်တစ်ခုဖြစ်ပြီး ဥပဒေ၊ နည်းဥပဒေများတွင် ဖော်ပြထားသည့်အတိုင်း ကော်မရှင် (သို့မဟုတ်) ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်သို့ တရားဝင် တိုင်ကြားကန့်ကွက်ခြင်း တစ်ခုဖြစ်သည်။

**အစီရင်ခံခြင်းဆိုသည်မှာ အဘယ်နည်း။**

အဖြစ်အပျက် (သို့မဟုတ်) အကြောင်းအရာတစ်ခုနှင့်ပတ်သက်သော သတင်းအချက်အလက်ကို နှုတ်ဖြင့် (သို့မဟုတ်) စာဖြင့် ရေးသား ဖော်ပြချက်တစ်ခုဖြစ်သည်။ မဲဆွယ်စဉ်အတွင်း ဥပဒေချိုးဖောက်သည်ဟူသော စွပ်စွဲမှုများ (သို့) ရွေးကောက်ပွဲကျင်းပသည့်နေ့၌ ကျူးလွန်မှုများ အပါအဝင် ရွေးကောက်ပွဲနှင့် စပ်ဆိုင်နေသည့်ဖြစ်ရပ်များ အပေါ်မူတည်၍ အစီရင်ခံစာကို ရေးသားနိုင်သည်။

**ကန့်ကွက်လွှာ (သို့) အစီရင်ခံစာကို မည်သည့်အချိန်တွင် တင်သွင်းနိုင်သနည်း။**

တင်သွင်းသည့် ကန့်ကွက်လွှာ (သို့) အစီရင်ခံစာအမျိုးအစားပေါ် မူတည်၍ နောက်ဆုံးတင်သွင်းရမည့် ရက်မှာ အမျိုးမျိုးကွဲပြားပါသည်။ တိုင်ကြားမှု သို့မဟုတ် အစီရင်ခံစာ တင်သွင်းရမည့် နောက်ဆုံး အချိန်နှင့် တင်ရမည့် နေရာကို တိုင်ကြားမှု လုပ်ငန်းစဉ် ဇယားတွင် အသေးစိတ် ဖော်ပြသည်။ တိုင်ကြားမှုကို ကျူးလွန်ချိုးဖောက်မှု ဖြစ်ပေါ်သည့်အချိန်တွင် (သို့မဟုတ်) ရွေးကောက်ပွဲ မတိုင်မီ (သို့မဟုတ်) ရွေးကောက်ပွဲနေ့တွင် (သို့မဟုတ်) ရွေးကောက်ပွဲကျင်းပပြီးသည့် နေ့မှ (၁၅) ရက်အတွင်း ပြုလုပ်နိုင်သည်။နောက်ဆုံးသက်မှတ်ထားသောရက်ကျော်လွန်လျှင် ကန့်ကွက်လွှာ သို့မဟုတ် အသနားခံလွှာကို ကော်မရှင်အဖွဲ့ခွဲ သို့မဟုတ် ကော်မရှင်က လက်မခံပါ။ နောက်ဆုံး သက်မှတ်ထားသော ရက်မရှိလျှင် ကျူးလွန်မှုကို အချိန်နှင့်တစ်ပြေးညီ ဖြေရှင်းနိုင်ရန် တိုင်ကြားစာကို အမြန်ဆုံးတင်သင့်သည်။

**ကျူးလွန်မှုများကို ကိုင်တွယ်ဖြေရှင်းရန် မည်သူ့တွင် တာဝန်ရှိသနည်း။**

ဥပဒေများ၊ နည်းဥပဒေများနှင့် လုပ်ငန်းလမ်းညွှန်များက တိုင်ကြားမှုများနှင့် အယူခံများကို စုံစမ်းစစ်ဆေးရန်နှင့် ကိုင်တွယ်ဖြေရှင်းရန် ရွေးကောက်ပွဲကော်မရှင်နှင့် အဖွဲ့ခွဲအဆင့်ဆင့်နှင့်၊ မဲရုံမှူးများ၊ ရဲများ သို့မဟုတ် အာဏာပိုင်များကို အခွင့်အာဏာ ပေးအပ်ထားသည်။ ရွေးကောက်ပွဲရလဒ်များနှင့် ပတ်သက်သော ရွေးကောက်ပွဲလွန်ကာလ အငြင်းပွားမှုအတွက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် တိုင်ကြား လာသည့် အငြင်းပွားမှုအပေါ်မူတည်ပြီး ရွေးကောက်ပွဲခုံရုံးများကို ဖွဲ့စည်းသည်။ ဥပဒေ ချိုးဖောက်သည်ဟု တိုင်ကြားခြင်းလုပ်ငန်းစဉ်နှင့် ပတ်သက်ပြီး စီရင်ပိုင်ခွင့်ရှိသူများကို ရွေးကောက်ပွဲ အငြင်းပွားမှုဖြေရှင်းခြင်း ဇယားတွင် အသေးစိတ်ဖော်ပြထားပါသည်။

| ကန့်ကွက်ခြင်း/တိုင်းကြားခြင်း | သက်ဆိုင်ရာ အဖွဲ့အစည်း |
|---|---|
| မဲစာရင်း | သက်ဆိုင်ရာ ကော်မရှင်အဖွဲ့ခွဲများ |
| ကိုယ်စားလှယ်လောင်း အမည်စာရင်း တင်သွင်းခြင်း | သက်ဆိုင်ရာ ပြည်ထောင်စုနယ်မြေ/ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း/ဒေသ၊ ခရိုင်ကော်မရှင်အဖွဲ့ခွဲနှင့် တိုင်းဒေသကြီး/ ပြည်နယ် ကော်မရှင်အဖွဲ့ခွဲ |
| ရွေးကောက်ပွဲလေ့လာသူများ စိစစ် အသိအမှတ်ပြုခြင်း | ကော်မရှင်/ကော်မရှင် အဖွဲ့ခွဲအဆင့်ဆင့် |
| ရွေးကောက်ပွဲမတိုင်မီနှင့် ရွေးကောက်ပွဲ ကျင်းပသည့်နေ့၌ ဖြစ်ပွားသည့် ကျူးလွန်မှုများ (လိမ်လည်မှုများ၊ ပေါ့ဆမှုများ) | ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် မဲရုံအဖွဲ့ဝင်များ၊ ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့် |
| ရွေးကောက်ပွဲအရာရှိများ၏ ဥပဒေချိုးဖောက်မှုများ | ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် နှင့် သက်ဆိုင်ရာ ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့် |
| ရွေးကောက်ပွဲရလဒ်ကို ထိခိုက်စေသည့် တရားမဝင် လုပ်ရပ်များ | ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင် |
| ရာဇဝတ်မှုများ | ရဲ၊ ပြစ်မှုဆိုင်ရာ တရားရုံးများ |

ရွေးကောက်ပွဲပြီးနောက် ရလဒ်များနှင့်စပ်လျဉ်း၍ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်သည် ရွေးကောက်ပွဲခုံရုံးများကို ဖွဲ့စည်း တည်ထောင်မည် ဖြစ်သည်။

ဤအမေးအဖြေများကို ရွေးကောက်ပွဲအငြင်းပွားမှုများနှင့် ဖြေရှင်းရေးလုပ်ငန်းစဉ်များပြဇယားနှင့် တွဲဖက် ကိုးကားရန်ဖြစ်သည်။

**ရွေးကောက်ပွဲခုံရုံးကို မည်သည့်ပုဂ္ဂိုလ်များဖြင့် ပါဝင်ဖွဲ့စည်းထားသနည်း။**

ရွေးကောက်ပွဲခုံရုံးများကို –

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် (၃) ဦးပါဝင်သော အဖွဲ့ (သို့မဟုတ်)

၂။ ဥက္ကဋ္ဌအဖြစ် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင် (၁) ဦး၊ ဥပဒေကျွမ်းကျင်ပညာရှင် နိုင်ငံသား (၂) ဦး ပါဝင်သောခုံအဖွဲ့ဖြင့် ဖွဲ့စည်းနိုင်သည်။

**ရွေးကောက်ပွဲခုံရုံးများသည် မည်သည့်နေရာများတွင် ကြားနာစစ်ဆေးသနည်း။**

ရွေးကောက်ပွဲခုံရုံးများသည် လိုအပ်ပါက ကော်မရှင်တွင် စုံစမ်းစစ်ဆေးမှုနှင့် ကြားနာမှုများကို ပြုလုပ်မည် ဖြစ်သည်။ စုံစမ်းစစ်ဆေးရာတွင် လိုအပ်လျှင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ် များသို့ ရွေးကောက်ပွဲခုံရုံးအဖွဲ့ကို စေလွှတ်မည်ဖြစ်ပါသည်။

**တိုင်ကြားခ ပေးရန်လိုပါသလား။**

မဲစာရင်း၊ ကိုယ်စားလှယ်လောင်းအမည်စာရင်းတင်သွင်းခြင်း၊ ရွေးကောက်ပွဲအကြို သို့မဟုတ် ရွေးကောက် ပွဲနေ့ လုပ်ငန်းများနှင့် စပ်လျဉ်း၍ ကန့်ကွက်ခြင်း သို့မဟုတ် အယူခံဝင်ခြင်းများအတွက် အခပေးရန် မလိုပေ။ ရွေးကောက်ပွဲရလဒ်များအတွက် ကန့်ကွက်ခြင်းကို အမှုစရိတ် ၅၀၀,၀၀၀ ကျပ် ပေးသွင်းကာ တင်သွင်းနိုင်သည်။

**တရားဝင်သော ကန့်ကွက်ခြင်း သို့မဟုတ် အစီရင်ခံစာအတွက် မည်သည့်လိုအပ်ချက်များရှိသနည်း။**

ကော်မရှင်ကသတ်မှတ်ထားသည့် ကန့်ကွက်လွှာပုံစံများကို ကော်မရှင်အဖွဲ့ခွဲရုံးများ၊ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်နှင့် ကော်မရှင်ဝက်ဘ်ဆိုဒ်တွင် ရရှိနိုင်သည်။ မည်သူမဆို ပုံစံဖြည့်စွက်ရန် ရွေးကောက်ပွဲတာဝန်ရှိသူများ၊ အသိအမှတ်ပြုထားသော လူမှုအခြေပြုအဖွဲ့ ကိုယ်စားလှယ်များကို အကူအညီတောင်းနိုင်သည်။

| |
|---|
| ရေးသားတိုင်ကြားချက်သည် ကန့်ကွက်ခြင်းနှင့် စပ်လျဉ်းသော နေ့ရက်၊ အချိန်၊ နေရာ၊ ကျူးလွန်သည့် ဖြစ်ရပ်ဆိုင်ရာ သတင်းအချက်အလက်များ ပါဝင်ရမည် ဖြစ်ပါသည်။ အရေးယူဆောင်ရွက်ရန် တောင်းခံချက်လည်း ပါဝင်ရမည်ဖြစ်ပါသည်။ ကန့်ကွက်လွှာ သို့မဟုတ် အစီရင်ခံလွှာ တင်သွင်းသူ၏ အချက်အလက်များလည်း ပါဝင်ရမည်ဖြစ်ပါသည်။ သက်သေအထောက်အထားများကိုလည်း တိုင်ကြားချက် အား ထိရောက်မှုရှိစေရန် တင်သွင်းရမည်ဖြစ်ပါသည်။ အမည်မဖော်လိုသူများ၏ အတည်မပြုနိုင်သော သို့မဟုတ် မမှန်ကန်သော တိုင်ကြားချက်များကို စုံစမ်းစစ်ဆေးမည် မဟုတ်ပါ။ |

**တိုင်ကြားပြီးလျှင် ဘာကို မျှော်လင့်နိုင်သနည်း။**

တိုင်ကြားမှုကိုသက်ဆိုင်ရာကော်မရှင်အဖွဲ့ခွဲက အမှုဖွင့်ပြီး စစ်ဆေးမည်။ တင်သွင်းသည့် သက်သေများကိုလည်း စစ်ဆေးမည်။ စုံစမ်းစစ်ဆေးသူများသည် စုံစမ်းစစ်ဆေးမှုကို ချက်ချင်း ဘက်မလိုက်ဘဲ ထိရောက်စွာ ပြုလုပ်မည်။ ဥပဒေနှင့် နည်းဥပဒေများက သတ်မှတ်သည့် နောက်ဆုံးနေ့အတွင်း လျင်မြန်စွာ ဆုံးဖြတ်ချက်ကို ပြုလုပ်မည်။

သက်ဆိုင်ရာ ကော်မရှင်အဖွဲ့ခွဲ သို့မဟုတ် ကော်မရှင်သည် လက်အောက်ခံ ကော်မရှင်အဖွဲ့ခွဲများကို စုံစမ်းစစ်ဆေးမှုကို ကူညီရန် လိုအပ်လျှင် တောင်းခံနိုင်သည်။ အထက်အဆင့်များကိုလည်း အကြံများ တောင်းခံနိုင်သည်။ တိုင်ကြားချက်ကိုရရှိပြီးနောက် သက်ဆိုင်ရာ ကော်မရှင်အဖွဲ့ခွဲသည် တင်ပြလာသော အချက်အလက်များကို ဦးစွာထည့်သွင်းစဉ်းစားကာ စုံစမ်းစစ်ဆေးမှုကို စတင်ဆောင်ရွက်မည်ဖြစ်ပါသည်။

**မည်သည့် သက်သေအထောက်အထားမျိုးကို တင်ပြနိုင်သနည်း။**

တိုင်ကြားသူသည် ခိုင်မာလုံလောက်ပြီး သက်ဆိုင်သည့်သက်သေကို တင်ပြသင့်သည်။ သက်သေ အမျိုးအစားသည် ကျူးလွန်မှုပေါ် မူတည်သည်။ ဥပမာ - မဲစာရင်း မိတ္တူ၊ ကိုယ်စားလှယ်လောင်း အမည်စာရင်း တင်သွင်းလွှာ မိတ္တူ၊ ကိုယ်စားလှယ်လောင်းများ၏ အများပြည်သူသို့ ထုတ်ပြန်ချက်များ၊ အဖြစ်အပျက်ကို သိရှိသည့် သက်သေ၏ထွက်ချက်များ၊ သို့မဟုတ် တရားရုံးအမိန့် မိတ္တူများ၊ ဘဏ်စာရင်း၊ မဲဆွယ်စည်းရုံးသည့် ပိုစတာများ၊ ရွေးကောက်ပွဲရလဒ် မိတ္တူ၊ ရွေးကောက်ပွဲနေ့က မဲရုံ၏ဓာတ်ပုံ သို့မဟုတ် ဗီဒီယို၊ စောင့်ကြည့်လေ့လာသူများ၏ အစီရင်ခံတင်ပြချက်များ စသည်တို့ဖြစ်သည်။

**တိုင်ကြားမှုကို သက်သေပြရန် မည်သူ့တွင် တာဝန်ရှိသနည်း။**

တိုင်ကြားသူသည် ၎င်း၏တိုင်ကြားမှု မှန်ကန်ကြောင်း သက်သေပြရန် ကော်မရှင်/ကော်မရှင်အဖွဲ့ခွဲ အဆင့်ဆင့် ကို ခိုင်မာလုံလောက်သည့် သက်သေ တင်ပြရန် တာဝန်ရှိသည်။

သို့သော် ကော်မရှင်/ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်ကလည်း ၎င်းကိုယ်တိုင် သက်သေ စုဆောင်း နိုင်သည်။

**တိုင်ကြားမှုသည် မမှန်ကန်ပါက တိုင်ကြားကန့်ကွက်သူသည် ပြစ်ဒဏ်ပေးခံရနိုင်ပါသလား။**

ပြစ်ဒဏ်မခံရပါ။ သက်သေမရှိ (သို့) သက်သေအထောက်အထား မခိုင်လုံဟူသော မှတ်ချက်ဖြင့် တိုင်ကြားထားခြင်းအား ပယ်ဖျက်လိုက်မည်ဖြစ်သည်။ သို့သော် ရွေးကောက်ပွဲလုပ်ငန်းစဉ်ကို နှောင့်ယှက်ရန် ရည်ရွယ်ချက်ဖြင့် သော်လည်းကောင်း၊ တစ်စုံတစ်ဦး၏ ဂုဏ်သတင်းညှိုးနွမ်းစေရန် လည်းကောင်း ရည်ရွယ်ချက်ရှိစွာဖြင့် လိမ်လည် တိုင်ကြားသူကိုမူ ဥပဒေအရ အရေးယူခြင်း ခံရမည်။

**သက်သေ၏စံနှုန်းမှာ အဘယ်နည်း။**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် (သို့မဟုတ်) ကော်မရှင်အဖွဲ့ခွဲမှ စုံစမ်းစစ်ဆေးသူများသည် နှုတ်ပြောစကားများ၊ ထင်မြင်ယူဆချက်များ၊ မှန်းဆချက်များအပေါ် အခြေမခံဘဲ ပကတိအချက်အလက်များနှင့် သက်သေများ လုံလောက်စွာဖြင့် အမှန်တရားကိုသက်သေပြနိုင်ရန် အားထုတ်ဆောင်ရွက်ရမည်။ စုံစမ်း စစ်ဆေးသူများသည် သက်သေအထောက်အထားများ၏ ခိုင်မာအားကောင်းမှုကိုချမှတ်ထားသော သက်သေ စံနှုန်းများအပေါ်အခြေခံပြီး ဆန်းစစ်ရမည်။ သက်သေအထောက် အထားများသည် တိုင်တန်းချက်များကို လက်ခံနိုင်ရန် (သို့မဟုတ်) ငြင်းပယ်နိုင်ရန် ခိုင်မာလုံလောက် အားကောင်းရမည် ဖြစ်သည်။

**ရွေးကောက်ပွဲဆိုင်ရာမသမာမှု သို့မဟုတ် ပေါ့လျော့မှုအကြား မည်သို့ကွာခြားသနည်း။**

ရွေးကောက်ပွဲဆိုင်ရာ မသမာမှုဆိုသည်မှာ ရွေးကောက်ပွဲတွင်ပါဝင်ပတ်သက်သူများ (သို့မဟုတ်) ရွေးကောက်ပွဲတာဝန်ရှိသူများက မဲဆန္ဒရှင်တစ်ဦး (သို့မဟုတ်) မဲဆန္ဒရှင်များ၏ဆန္ဒကို ပြောင်းလဲစေရန် ရည်ရွယ်ချက်ရှိရှိဖြင့် ဆောင်ရွက်သော မမှန်မကန်ပြုလုပ်မှုများဖြစ်သည်။
ရွေးကောက်ပွဲဆိုင်ရာ မှားယွင်းစွာပြုကျင့်မှုများဆိုသည်မှာ ရွေးကောက်ပွဲတွင် ပါဝင်ပတ်သက်သူများက ၎င်းတို့၏ သက်ဆိုင်ရာတာဝန်များ၊ ပြုမူဆောင်ရွက်မှုများကိုပြုလုပ်ရာတွင် ပေါ့ဆမှု (သို့မဟုတ်) လျစ်လျူရှုမှုဖြင့် ဆောင်ရွက်ပြုမူမှုများဖြစ်သည်။

စုံစမ်းစစ်ဆေးသူသည် ကျူးလွန်သည်ဟု စွပ်စွဲခံရသူ၏ပြုမူချက်ကို သဘောရိုးဖြင့်ဆောင်ရွက်ခြင်း ဟုတ် မဟုတ် ဆုံးဖြတ်မည်။ စုံးစမ်းစစ်ဆေးသူသည် ကျူးလွန်မှုမှာ ရည်ရွယ်ချက်ဖြင့်ကျူးလွန်ခြင်း သို့မဟုတ် မတော်တဆလာကျူးလွန်မိခြင်းဆိုသည်ကို ဆုံးဖြတ်မည်။ ဆုံးဖြတ်သူသည် ရွေးကောက်ပွဲအပေါ် သက်ရောက်မှုနှင့် မဲပေးသူ၏ဆန္ဒကို ပြောင်းလဲခြင်း ရှိ မရှိကိုလည်း ဆုံးဖြတ်မည်။ ဤဖော်ပြချက်ပေါ် မူတည်ကာ ဆုံးဖြတ်ချက်သည် ကွဲပြားမည်။

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ စီရင်ခွင့်နှင့် ရာဇဝတ်မှု အင်္ဂါပိုင် မည်သို့ကွာခြားသနည်း။**

အကဲဖြတ်ရာတွင် စုံးစမ်းစစ်ဆေးသူများက ဥပဒေပါ တရားမဲ့ပြုကျင့်မှုနှင့် ရာဇဝတ်မှုကို ခွဲခြားမည်။ ရွေးကောက်ပွဲနေ့တွင် တစ်ကြိမ်ထက်ပို၍ မဲပေးခြင်း (တစ်စုံတစ်ယောက်ဟန်ဆောင်ခြင်း)၊ မဲဝယ်ခြင်း (လာဘ်ထိုးခြင်း) သို့မဟုတ် ကိုယ်စားလှယ်တစ်ဦးကို မဲပေးရန် မဲပေးသူကို ခြိမ်းခြောက်ခြင်း (ခြိမ်းခြောက်ခြင်း သို့မဟုတ် မလျော်သြဇာလွှမ်းမိုးခြင်း) တို့ကဲ့သို့ ကျူးလွန်မှုများသည် ကော်မရှင်နှင့် ရာဇဝတ်မှု အင်္ဂါပိုင် နှစ်ခုလုံးနှင့် သက်ဆိုင်သည်။ သို့သော် အဖြေများနှင့် သက်သေများသည် ကွာခြားသည်။ တရားမဲ့ ပြုကျင့်မှုဖြစ် လျှင် ဤအမှုကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ဆုံးဖြတ်မည်။ အကယ်၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ကျူးလွန်မှုသည် ရာဇဝတ်မှုဖြစ်သည်ဟု ဆုံးဖြတ်လျှင် တရားရုံးသို့ အမှုကို လွှဲပြောင်းပေးအပ်ကာ ဆုံးဖြတ်မည်။ ရွေးကောက်ပွဲဥပဒေ အခန်း(၁၃)အရ ကျူးလွန်မှုသည် ရာဇဝတ်မှုဖြစ်ပါက ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်သည် ဤအမှုကို ရဲ သို့မဟုတ် တရားရုံးသို့ တိုင်ကြားရန် ညွှန်ပြမည် ဖြစ်သည်။

**ကြားနာမှုကို အများပြည်သူ နားထောင်နိုင်ပါသလား။**

ကော်မရှင်အဖွဲ့ခွဲများ၊ ကော်မရှင် သို့မဟုတ် ရွေးကောက်ပွဲခုံအဖွဲ့သည် သက်ဆိုင်ရာများကို ၎င်းတို့၏ အဆိုပြုချက်၊ ချေပချက်များနှင့် သက်သေများ တင်ပြရန် အချိန်သတ်မှတ်မည်။ ကြားနာမှုကို အများပြည်သူတက်ရောက်နိုင်သည်။ မဲပေးသူများ၊ လေ့လာစောင့်ကြည့်သူများနှင့် ကိုယ်စားလှယ်လောင်းများ တက်ရောက်နိုင်သည်။ ကြားနာမှု ပြီးလျှင် သက်သေများသည် လုံလောက်ခြင်းနှင့် ဖြစ်ရပ်နှင့်သက်ဆိုင်ခြင်း ရှိ မရှိ ဆုံးဖြတ်ပြီးနောက် ဆုံးဖြတ်ချက်ချမည်။ ရွေးကောက်ပွဲခုံရုံးသည် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် သို့မဟုတ် ကျူးလွန်မှုဖြစ်ပွားရာ တိုင်းဒေသကြီး/ပြည်နယ် ကော်မရှင်ရုံးတွင် ကြားနာမည် ဖြစ်သည်။

**ပြန်ကြားမှု/ဆုံးဖြတ်ချက်ကို မည်သည့်အချိန်တွင် မျှော်လင့်နိုင်သနည်း။**

ကော်မရှင်အဖွဲ့ခွဲ/ခုံအဖွဲ့သည် ဆုံးဖြတ်ချက်ချပြီး သက်ဆိုင်သူများကို ဥပဒေ သို့မဟုတ် နည်းဥပဒေများက သတ်မှတ်သည့် ကာလအတွင်း အမြန်ဆုံး အသိပေးမည်။ သက်ဆိုင်သူများကို အယူခံဝင်ခွင့်ရှိကြောင်း နှင့် အယူခံဝင်ရန် နောက်ဆုံးအချိန်ကို အကြောင်းကြားမည်။

**ဆုံးဖြတ်ချက်များကို ဘယ်လိုအသိပေးမလဲ။**

ဆုံးဖြတ်ချက်များကို အများပြည်သူသိရှိစေမည်။ သက်ဆိုင်သူက ဆုံးဖြတ်ချက်မိတ္တူများကို တောင်းခံလာပါက ထုတ်ပေးမည်။ ပွင့်လင်းမြင်သာမှုအတွက် ဆုံးဖြတ်ချက်များကို အယူခံဝင်ခြင်းမရှိက စုစည်းကာ နိုင်ငံတော်ပြန်တမ်းတွင်ကြေညာ၍ ကော်မရှင် ဝက်ဘ်ဆိုဒ်တွင်လည်း တင်မည်။

**ဆုံးဖြတ်ချက်ကို မကျေနပ်လျှင် အယူခံဝင်နိုင်သလား။**

ဥပဒေက ခွင့်ပြုထားလျှင် ဝင်နိုင်ပါသည်။ ယေဘုယျအားဖြင့် ကော်မရှင်အဖွဲ့ခွဲက ဆုံးဖြတ်ချက်ချလျှင် အထက်အဆင့်ကော်မရှင်အဖွဲ့ခွဲသို့ အယူခံဝင်နိုင်သည်။ တိုင်ကြားခြင်းလုပ်ငန်းစဉ်နှင့် ပတ်သက်သည့် ဇယားတွင် အယူခံဝင်ခွင့်အသေးစိတ်ကို ဖော်ပြထားပါသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ဆုံးဖြတ်ချက်သည် အတည် ဖြစ်သည်။ ယင်းဆုံးဖြတ်ချက်ကို အယူခံခွင့် မရှိပါ။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ကော်မရှင်အဖွဲ့ခွဲများ၏ ဆုံးဖြတ်ချက်ကို ပြန် လည် သုံးသပ်နိုင်သည်။ အယူခံအား ကြားနာစစ်ဆေးခြင်းနှင့် စီရင်ချက်ချခြင်းလုပ်ငန်းစဉ်ကို အထက်တွင် ဖော်ပြထားသော အဆင့်များအတိုင်း ကြားနာ စစ်ဆေးမည် ဖြစ်ပါသည်။

**ကော်မရှင် (သို့မဟုတ်) ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်က ဆောင်ရွက်နိုင်သည့် ဖြေရှင်းနည်းလမ်းများ**

တိုင်ကြားစာ (သို့မဟုတ်) အစီရင်ခံစာ (သို့မဟုတ်) ရွေးကောက်ပွဲပြီးသည့်နောက်ကန့်ကွက်လွှာကို လက်ခံရရှိပြီးသည်နှင့် ကျူးလွန်ချိုးဖောက်မှု အပေါ်မူတည်ပြီး အောက်ပါနည်းလမ်းမျိုးစုံဖြင့် ဖြေရှင်းဆောင်ရွက်နိုင်သည် -

- စာဖြင့် သတိပေးခြင်း
- အခြားနည်းလမ်းများဖြင့်ပြေလည်အောင်ဆောင်ရွက်ခြင်း (ဥပမာ - အများပြည်သူနှင့် သက်ဆိုင်သော အဆောက်အအုံများတွင် ကပ်ထားသော ပိုစတာများကို ခွာစေခြင်း၊ မဲရုံကိုယ်စားလှယ်များအား မဲရုံတွင်းမှ ထွက်ခွာစေခြင်း၊ ထပ်မံပညာပေးစေခြင်း - မလိုက်နာပါက လိုအပ်သလို အရေးယူ ဆောင်ရွက်ခြင်း)
- ရွေးကောက်ပွဲကော်မရှင်ဝန်ထမ်းဖြစ်ပါက ဝန်ထမ်းစည်းမျဉ်းစည်းကမ်းအရ အရေးယူခြင်းနှင့် အခြားဌာန ဆိုင်ရာ အဖွဲ့အစည်းမှုဖြစ်ပါက သက်ဆိုင်ရာဌာနသို့အရေးယူစေခြင်း
- နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ထားခြင်းမှ ယာယီရပ်ဆိုင်းခြင်း (သို့မဟုတ်) ပယ်ဖျက်ခြင်း
- တရားဝင်အသိအမှတ်ပြုထားသော ရွေးကောက်ပွဲလေ့လာသူအဖြစ်မှ ပြန်လည်ရုတ်သိမ်းခြင်း
- ရရှိထားသည့်မဲများကို ပယ်မဲအဖြစ်သတ်မှတ်ခြင်း၊ မဲပေးခြင်းကို ရွှေ့ဆိုင်းခြင်း (သို့မဟုတ်) ရပ်ဆိုင်းခြင်း
- ကိုယ်စားလှယ်လောင်းအဖြစ်မှ ရပ်စဲခြင်း (သို့မဟုတ်) ပြန်လည်ရုတ်သိမ်းခြင်း
- တရားဝင်အသိအမှတ်ပြုထားသော ရွေးကောက်ပွဲကိုယ်စားလှယ်အဖြစ်မှ ပြန်လည်ရုပ်သိမ်းခြင်း
- အယူခံမှုကို ရှုံးနိမ့်သော ကိုယ်စားလှယ်လောင်း သို့မဟုတ် အနိုင်ရရှိသော ကိုယ်စားလှယ်လောင်းအား ကြေညာခြင်း
- ဖောက်ဖျက်ကျူးလွန်မှုနှင့် အချိုးကျလျော်ညီလုံလောက်ပြီး အချိန်နှင့် တပြေးညီဖြစ်သော ဖြေရှင်းနည်းလမ်းများဖြင့် ကော်မရှင်က ပြေလည်အောင် ဆောင်ရွက်ခြင်း

**ကော်မရှင်နှင့် ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်၏ဝန်ထမ်းများက ဖောက်ဖျက်ကျူးလွန်မှုများပြုလုပ်လျှင် မည်သို့ဆောင် ရွက်မည်နည်း။**

ဖောက်ဖျက်ကျူးလွန်မှုများကို ကော်မရှင်နှင့် ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်၏ဝန်ထမ်းများက ရည်ရွယ်ချက် ရှိရှိဖြင့် ဆောင်ရွက်ခဲ့လျှင် ယင်းဝန်ထမ်းများအား အရေးယူဆောင်ရွက်ရန် ကော်မရှင်တွင် အခွင့်အာဏာရှိသည်။ တာဝန်ရှိသူ ဝန်ထမ်းများ၏ ဖောက်ဖျက်ကျူးလွန်မှုများကို စုံစမ်းစစ်ဆေးရန် ကော်မရှင်က မိမိသဘောဖြင့် ဆောင်ရွက်နိုင်သည်။

| အကြောင်းအရာ | တိုင်ကြားမှု အမျိုးအစား | မည်သူလျှောက်ထား နိုင်သနည်း | မည်သည့်နေရာတွင် လျှောက်ထားနိုင်သနည်း | မည်သည့်အချိန်တွင် လျှောက်ထားနိုင်သနည်း | အခကြေးငွေ ပေးရပါသလား | ရွေးကောက်ပွဲ ဥပဒေ၊ နည်းဥပဒေများနှင့် လုပ်ငန်းလမ်းညွှန်များ |
|---|---|---|---|---|---|---|
| မဲစာရင်း | မဲစာရင်းတစ်ခုတွင်းရှိ မဲဆန္ဒရှင် တစ်ဦးကို ကန့်ကွက်ခြင်း | ယင်းမဲဆန္ဒနယ် မဲစာရင်းတွင် ပါဝင်သည့် မဲပေးခွင့် ရှိသူ | ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲသို့ လျှောက်ထားခြင်း | မဲစာရင်း ကြေညာပြီး (၁၄) ရက်အတွင်းကန့်ကွက်လွှာတင် သွင်းနိုင်သည်။ ကန့်ကွက်လွှာ တင်ပြီး (၇)ရက်အတွင်းတွင် ဆုံးဖြတ်ချက်နှင့် အယူခံဝင်ခွင့် ရှိကြောင်းကိုပါအသိပေးသည်။ | မပေးရပါ။ | ရွေးကောက်ပွဲဥပဒေ အခန်း(၆)၊ ပုဒ်မ ၁၇။ ရွေးကောက်ပွဲနည်းဥပဒေများ နည်း ၁၁(က)၊ (ဂ)။ |
| | တောင်းဆိုခြင်း၊ ကန့်ကွက်ခြင်း၊ ပြင်ဆင်ခြင်းနှင့် ပတ်သက်သော ရပ်ကွက်/ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲ၏ ဆုံးဖြတ်ချက် အပေါ်အယူခံ ဝင်ခြင်း | ရပ်ကွက်/ကျေးရွာအုပ်စုကော်မရှင် အဖွဲ့ခွဲ၏ဆုံးဖြတ်ချက် (တောင်း ဆိုခြင်း၊ ကန့်ကွက်ခြင်း၊ ပြင်ဆင် ခြင်း) ဆုံးဖြတ်ချက်ကို မကျေနပ် သူ | မြို့နယ်ကော်မရှင်အဖွဲ့ခွဲသို့ အယူခံဝင်ခြင်း | ရပ်/ကျေး ကော်ခွဲ၏ ဆုံးဖြတ်ချက်ချပြီး (၃)ရက် အတွင်းမြို့နယ်သို့ အယူခံလျှောက်ထားနိုင်သည်။ မြို့နယ်က "ဆောလျင်စွာ" ဆုံးဖြတ်သည်။ | မပေးရပါ။ | ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၁၈(ခ)၊ ရွေးကောက်ပွဲ နည်းဥပဒေများ၊ နည်း ၁၂(ဂ)၊ရွေးကောက်ပွဲ ဥပဒေ ပုဒ်မ၄၅/၅၃။ |

| အကြောင်းအရာ | တိုင်ကြားမှု အမျိုးအစား | မည်သူလျှောက်ထား နိုင်သနည်း | မည်သည့်နေရာတွင် လျှောက်ထားနိုင်သနည်း | မည်သည့်အချိန်တွင် လျှောက်ထားနိုင်သနည်း | အခကြေးငွေ ပေးရပါသလား | ရွေးကောက်ပွဲ ဥပဒေ၊ နည်းဥပဒေများနှင့် လုပ်ငန်းလမ်းညွှန်များ |
|---|---|---|---|---|---|---|
| လွှတ်တော်ကိုယ်စား လှယ်လောင်း အမည် စာရင်း တင်သွင်းခြင်း | ကိုယ်စားလှယ်လောင်း တစ်ဦး ရွေးကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင် နိုင်ခွင့်ရှိခြင်းနှင့် ပတ်သက်ပြီး ကန့်ကွက်ခြင်း | သက်ဆိုင်ရာ မဲဆန္ဒနယ်မှ ယှဉ်ပြိုင်ရွေးကောက်ခံသည့် ကိုယ်စားလှယ်လောင်း တစ်ဦးဦး | လွှတ်တော် ကိုယ်စား လှယ်လောင်း အမည်စာရင်း တင်သွင်းခြင်းကို ပြည်ထောင် စုနယ်မြေကော်မရှင်အဖွဲ့ခွဲ၊ သက်ဆိုင်ရာ ကိုယ်ပိုင်အုပ် ချုပ်ခွင့်ရ ဒေသ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း ကော်မရှင်အဖွဲ့ခွဲ သို့မဟုတ် ခရိုင် ကော်မရှင် အဖွဲ့ခွဲသို့ကန့်ကွက်ခြင်း<br><br>တိုင်းရင်းသားကိုယ်စားလှယ် လောင်းများ ကို တိုင်းဒေသ ကြီး/ပြည်နယ်ကော်မရှင် အဖွဲ့ခွဲတွင် ကန့်ကွက်ခြင်း | ကိုယ်စားလှယ်လောင်း အမည် စာရင်းတင်သွင်းလွှာစိစစ်သည့် နေ့တွင် ကန့်ကွက်ခြင်း<br><br>ကန့်ကွက်လွှာတင်သည့်နေ့မှ (၇) ရက်အတွင်း ဆုံးဖြတ်ချက် ချသည်။ | မပေးရပါ။ | လွှတ်တော်ရွေးကောက်ပွဲ ဥပဒေ၊ အခန်း(၇)၊ ပုဒ်မ ၂၅ (ခ)။ ရွေးကောက်ပွဲနည်းဥပဒေများ နည်း ၂၇/၃၀။ |
| | ကော်မရှင်အဖွဲ့ခွဲ၏ ဆုံးဖြတ်ချက် အပေါ်အယူခံဝင်ခြင်း | ဆုံးဖြတ်ချက်နှင့် ပတ်သက်၍ မကျေနပ်သော ကန့်ကွက်သူ သို့မဟုတ် ကန့်ကွက်ခြင်းခံရသူ | သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ကော်မရှင် အဖွဲ့ခွဲသို့ အယူခံဝင်ခြင်း<br><br>တိုင်းရင်းသားကိုယ်စားလှယ် လောင်းများသည် ကော်မရှင် တွင် အယူခံဝင်ခြင်း | ဆုံးဖြတ်ချက်ချပြီး (၇) ရက် အတွင်း အယူခံလွှာတင်ခြင်း အယူခံလွှာ တင်ခြင်း အယူခံလွှာ ရရှိပြီး (၇) ရက် အတွင်း ဆုံးဖြတ်ချက်ချခြင်း အမိန့်ချပြီး (၃)ရက်အတွင်း အကြောင်းကြားခြင်း | မပေးရပါ။ | လွှတ်တော်ရွေးကောက်ပွဲ ဥပဒေ၊ အခန်း(၇)၊ ပုဒ်မ ၂၅။ ရွေးကောက်ပွဲနည်းဥပဒေများ၊ နည်း ၃၁၊ ၃၂။ ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၄၅/၅၃။ |

| အကြောင်းအရာ | တိုင်ကြားမှု အမျိုးအစား | မည်သူလျှောက်ထား နိုင်သနည်း | မည်သည့်နေရာတွင် လျှောက်ထားနိုင်သနည်း | မည်သည့်အချိန်တွင် လျှောက်ထားနိုင်သနည်း | အခကြေးငွေ ပေးရပါသလား | ရွေးကောက်ပွဲ ဥပဒေ၊ နည်းဥပဒေများနှင့် လုပ်ငန်းလမ်းညွှန်များ |
|---|---|---|---|---|---|---|
| ရွေးကောက်ပွဲ စောင့်ကြည့် လေ့လာသူများ | စောင့်ကြည့်လေ့လာသူများအား အသိအမှတ်ပြုရန် ငြင်းဆိုသည့် ကော်မရှင်အဖွဲ့ခွဲ၏ ဆုံးဖြတ်ချက်ကို ကန့်ကွက်ခြင်း | ရွေးကောက်ပွဲစောင့်ကြည့် လေ့လာသူအဖြစ် အသိအမှတ်ပြုရန် ငြင်းပယ်ခြင်းခံရသူ | တစ်ဆင့်မြင့်သော ကော်မရှင်အဖွဲ့ခွဲထံသို့ ကန့်ကွက်လွှာတင်သွင်းခြင်း နိုင်ငံတကာ ရွေးကောက်ပွဲ လေ့လာသူများအနေဖြင့် နေပြည်တော်ရှိ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်သို့ တိုက်ရိုက် တင်သွင်းနိုင်သည်။ | ဆုံးဖြတ်ချက်ချပြီး (၃)ရက်အတွင်း | မပေးရပါ။ | စောင့်ကြည့်လေ့လာသူများ ကျင့်ဝတ် နှင့် ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များ |
| ရွေးကောက်ပွဲ တာဝန်ရှိသူများနှင့် မဲရုံဝန်ထမ်းများ | ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်ရှိ တာဝန်ရှိသူများ၊ မဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များသည် ဥပဒေနှင့် အညီ မိမိတာဝန်ကို သဘောရိုးဖြင့် ဆောင်ရွက်ခြင်းများအပေါ် တိုင်တန်းခြင်း | သက်ဆိုင်သူ မည်သူမဆို (မဲဆန္ဒရှင်များ၊ နိုင်ငံရေးပါတီများ၊ ကိုယ်စားလှယ်လောင်းများ) | ၎င်းတို့၏ လုပ်ငန်းတာဝန် များကို ဥပဒေအတိုင်း တတ်စွမ်းသမျှအကောင်းဆုံး သဘောရိုးဖြင့် ဆောင်ရွက် ခြင်းများအတွက် တရားစွဲ ဆိုခြင်း မခံထိုက်စေရ | ရွေးကောက်ပွဲကော်မရှင်က ကိုယ်တိုင် စုံစမ်း စစ်ဆေးနိုင်ခွင့် | မပေးရပါ။ | လွှတ်တော်ရွေးကောက်ပွဲ ဥပဒေ ပုဒ်မ ၅၄/ ၈၇။ |
| | ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်ရှိ တာဝန်ရှိသူများ၊ မဲရုံမှူးနှင့် မဲရုံ အဖွဲ့ဝင်များသည် သဘောရိုး မဟုတ်ဘဲ ရည်ရွယ်ချက်ရှိရှိနှင့် ချိုးဖောက်ခြင်း၊ ဥပဒေနှင့်အညီ မဆောင်ရွက်ခြင်းအပေါ် တိုင်တန်းခြင်း | သက်ဆိုင်သူ မည်သူမဆို (မဲဆန္ဒရှင်များ၊ နိုင်ငံရေးပါတီများ၊ ကိုယ်စားလှယ်လောင်းများ) | ချိုးဖောက်မှုကို သက်ဆိုင်ရာ ကော်မရှင် အဖွဲ့ခွဲအဆင့်ဆင့် (သို့) ကော်မရှင်သို့ တိုင်ကြားနိုင်သည်။ ကော်မရှင်အနေဖြင့် ကိုယ် တိုင်စုံစမ်း စစ်ဆေးနိုင်ခွင့် | စောနိုင်သမျှဆောလျင်စွာ။ ကော်မရှင် (သို့) အထက် အဆင့် ကော်မရှင်အဖွဲ့ခွဲ ကဆုံးဖြတ်ချက်ကို စောနိုင် သမျှ ဆောလျင်စွာ ချမှတ် နိုင်မည်။ ကော်မရှင် (သို့) သက်ဆိုင်ရာ ကော်မရှင်အဖွဲ့ခွဲ အဆင့်ဆင့်မှ ပြန်လည်စိစစ်မည်၊ | မပေးရပါ။ | ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၅၄။ |

| အကြောင်းအရာ | တိုင်ကြားမှု အမျိုးအစား | မည်သူလျှောက်ထား နိုင်သနည်း | မည်သည့်နေရာတွင် လျှောက်ထားနိုင်သနည်း | မည်သည့်အချိန်တွင် လျှောက်ထားနိုင်သနည်း | အခကြေးငွေ ပေးရပါသလား | ရွေးကောက်ပွဲ ဥပဒေ၊ နည်းဥပဒေများနှင့် လုပ်ငန်းလမ်းညွှန်များ |
|---|---|---|---|---|---|---|
| **ရွေးကောက်ပွဲ မကျင်းပမီ မှုမမှန်မှုများ၊ မဲဆွယ်ခြင်း၊ ကျင့်ဝတ် စသည်.....** | တစ်စုံတစ်ဦးက ပြုလုပ်သော ရွေးကောက်ပွဲဆိုင်ရာ ချိုးဖောက်မှုများ၊ တရားမဲ့ သို့မဟုတ် မသမာမှုများအပေါ် တိုင်တန်းခြင်း | သက်ဆိုင်သူ မည်သူမဆို (မဲဆန္ဒရှင်များ၊ နိုင်ငံရေးပါတီများ၊ ကိုယ်စားလှယ်လောင်းများ) | သက်ဆိုင်ရာ ကော်မရှင် အဖွဲ့ခွဲအဆင့်ဆင့် (သို့) ရွေးကောက်ပွဲကော်မရှင်တွင် တိုင်ကြားနိုင်သည် ရွေးကောက်ပွဲကော်မရှင် (သို့) သက်ဆိုင်ရာ ကော်မရှင် အဖွဲ့ခွဲက သက်ဆိုင်သောရွေး ကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ကို ပြန်လည် ညွှန်းပို့နိုင်သည် | စောနိုင်သမျှ ဆောလျင်စွာ။ ကော်မရှင်(သို့) အထက်အ ဆင့် ကော်မရှင်အဖွဲ့ခွဲက ဆုံးဖြတ်ချက်ကို စောနိုင်သမျှ ဆောလျင်စွာ ချမှတ်နိုင်မည်။ ရွေးကောက်ပွဲကော်မရှင်က အမှုကို လက်ခံ၊ မခံ မိမိသဘော ဖြင့် ဆုံးဖြတ်နိုင်သည်။ | မပေးရပါ။ | ရွေးကောက်ပွဲဥပဒေ၊ အခန်း(၁၃)၊ (၁၄)။ |
| | ရွေးကောက်ပွဲ ဥပဒေ အခန်း ၁၃တွင် ပြဋ္ဌာန်းထားသော ချိုးဖောက်မှုများ (ဥပမာ – ဟန်ဆောင်ခြင်း၊ လာဘ်ထိုးခြင်း၊ ခြိမ်းခြောက်ခြင်း) အပေါ် တိုင်ကြားခြင်း | သက်ဆိုင်သူ မည်သူမဆို (မဲဆန္ဒရှင်များ၊ နိုင်ငံရေးပါတီများ၊ ကိုယ်စားလှယ်လောင်းများ) | တရားရုံးများ (သို့) ရဲစခန်း၊ ရဲအရာရှိများ | ရွေးကောက်ပွဲမတိုင်မီ၊ ရွေးကောက်ပွဲ ကျင်းပစဉ်နှင့် ရွေးကောက်ပွဲ ကျင်းပပြီး ၁၅ ရက်အတွင်း | မပေးရပါ။ | ရွေးကောက်ပွဲဥပဒေ၊ အခန်း (၁၃)။ |
| **ရွေးကောက်ပွဲနေ့ မဲရုံ၊ မဲရေတွက်ခြင်းများ နှင့် သက်ဆိုင်သော ချိုးဖောက်မှုများ** | ရွေးကောက်ပွဲဆိုင်ရာ တရားမဲ့ (သို့) မသမာမှု ကျူးလွန်သည့် သူတစ်ဦးအပေါ် တိုင်ကြားခြင်း၊ ဥပမာ – မဲရုံကိုယ်စားလှယ် က မဲရုံအတွင်း မဲဆွယ်ခြင်း၊ မဲဆန္ဒရှင် တစ် ဦးက မဲပေးပြီးသွားသော်လည်း မဲရုံအတွင်း ဆက်လက်ရှိနေပြီး မဲပေးခြင်းလုပ်ငန်းစဉ် များကို ရည်ရွယ်ချက်ရှိရှိ နှောင့်ယှက်ခြင်း၊ မဲပေးခြင်းလုပ်ငန်းစဉ်များ၏ မှုမမှန်မှုများ | သက်ဆိုင်သူ မည်သူမဆို (မဲဆန္ဒရှင်များ၊ နိုင်ငံရေးပါတီများ၊ ကိုယ်စားလှယ်လောင်းများ) | မဲရုံမှူးက ချက်ချင်းအရေးယူ ဆောင်ရွက်မည် (သို့) သက်ဆိုင်ရာရွေးကောက်ပွဲ ကော်မရှင် အဖွဲ့ခွဲထံမှ လမ်းညွှန်မှုရယူမည် (သို့) လိုအပ်ပါက ရဲအကူအညီ တောင်းခံမည်။ | စော်နိုင်သမျှဆောလျင်စွာ။ ရွေးကောက်ပွဲနေ့တွင် ဖြစ်ပေါ် သော ချိုးဖောက် ပြုမူမှုများ အတွက် ချက်ချင်းအရေးယူ နိုင်ရန် တိုင်ကြားနိုင်။ဆုံးဖြတ် ချက်နှင့်လုပ်ဆောင်ချက်များကို အစီအရင်ခံစာပုံစံတွင်ရေးသွင်း မှတ်တမ်းတင်ထားမည်။ | မပေးရပါ။ | ရွေးကောက်ပွဲဥပဒေ၊ အခန်း(၁၃)၊ (၁၄)။ |

| အကြောင်းအရာ | တိုင်ကြားမှု အမျိုးအစား | မည်သူလျှောက်ထား နိုင်သနည်း | မည်သည့်နေရာတွင် လျှောက်ထားနိုင်သနည်း | မည်သည့်အချိန်တွင် လျှောက်ထားနိုင်သနည်း | အခကြေးငွေ ပေးရပါသလား | ရွေးကောက်ပွဲ ဥပဒေ၊ နည်းဥပဒေများနှင့် လုပ်ငန်းလမ်းညွှန်များ |
|---|---|---|---|---|---|---|
| | ရွေးကောက်ပွဲ ဥပဒေ အခန်း ၁၃တွင် ပြဌာန်းထားသော ချိုးဖောက်မှုများ (ဥပမာ – ဟန်ဆောင်ခြင်း၊ လာဘ်ထိုးခြင်း၊ခြိမ်းခြောက်ခြင်း) အပေါ် တိုင်ကြားခြင်း | သက်ဆိုင်သူ မည်သူမဆို (မဲဆန္ဒရှင်များ၊ နိုင်ငံရေးပါတီများ၊ ကိုယ်စားလှယ်လောင်းများ) | တရားရုံးများ(သို့) ရဲ (သို့) လုံခြုံရေးဆိုင်ရာ တာဝန်ရှိသူ။ မှုမမှန်မှုများကို မဲရုံရှိ မဲရုံမှူးအား ရဲထံ သတင်း မပို့မီ အရင်သတင်းပို့ရန် | ရွေးကောက်ပွဲ မတိုင်မီ၊ ရွေးကောက်ပွဲ ကျင်းပစဉ်နှင့် ရွေးကောက်ပွဲ ကျင်းပပြီး ၁၅ ရက်အတွင်း | | ရွေးကောက်ပွဲဥပဒေ၊ အခန်း(၁၃)၊ လုပ်ငန်းလမ်းညွှန်များ |
| (မဲနိုင်သည့် ကိုယ်စားလှယ်) ရွေးကောက်ပွဲရလဒ် ကြေညာခြင်း | တရားမဲ့ပြုကျင့်မှုဖြင့် ကိုယ်စားလှယ် လောင်း အဖြစ်ရွေးကောက်ခံရသည့် အဖြစ်ကို ရောက်ရှိစေသော တရားမဝင် ကျူးလွန်ချိုးဖောက်မှုအပေါ် ကန့်ကွက် ခြင်း (ဥပမာ – မဲရေတွက်သည့် လုပ်ငန်းစဉ်များတွင် မှုမမှန်မှုများ ရှိနေခြင်း၊တရားမဝင် မဲဆွယ်ခြင်း၊ မမှန်မကန်ပြုလုပ်ထားသော ရွေးကောက်ပွဲ အသုံးစာရိတ် စီရင်ခံစာများ) | မည်သည့် မဲဆန္ဒရှင် သို့မဟုတ် ယင်းနှင့် ယှဉ်ပြိုင်ခဲ့သည့် ကိုယ်စားလှယ်လောင်း သို့မဟုတ် ရွေးကောက်ပွဲကိုယ်စားလှယ် | ကန့်ကွက်မှုကို ရွေးကောက် ပွဲကော်မရှင်သို့ တင်သွင်းပြီး ကော်မရှင်က ရွေးကောက်ပွဲခုံရုံးဖွဲ့ကာ ကြားနာခြင်း | ရွေးကောက်ပွဲ ရလဒ်များ ကြေညာပြီး ၄၅ ရက်အတွင်း | ၅၀၀၀၀၀ ကျပ် | ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၉၉ (ဆ)။ ရွေးကောက်ပွဲ ဥပဒေများ အခန်း(၁၄)၊ (၁၅)၊ ရွေးကောက်ပွဲ နည်းဥပဒေ အခန်း (၁၄) |
| | ခုံရုံး၏ ဆုံးဖြတ်ချက်အပေါ် အယူခံဝင်ခြင်း | ရွေးကောက်ပွဲခုံရုံးအဖွဲ့၏ ဆုံးဖြတ် ချက်ကို မကျေနပ်သူ | ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်သို့ အယူခံဝင်ခြင်း | ခုံရုံးက ဆုံးဖြတ်ချက်ချသည့် နေမှ (၁၅) ရက်အတွင်း | ၅၀၀၀၀၀ ကျပ် | ရွေးကောက်ပွဲဆိုင်ရာနည်း ဥပဒေ၊ နည်း ၉၉။ ဖွဲ့စည်းပုံ အခြေခံ ဥပဒေပုဒ်မ ၄၀၂ |

| အကြောင်းအရာ | တိုင်ကြားမှု အမျိုးအစား | မည်သူလျှောက်ထား နိုင်သနည်း | မည်သည့်နေရာတွင် လျှောက်ထားနိုင်သနည်း | မည်သည့်အချိန်တွင် လျှောက်ထားနိုင်သနည်း | အခကြေးငွေ ပေးရပါသလား | ရွေးကောက်ပွဲ ဥပဒေ၊ နည်းဥပဒေများနှင့် လုပ်ငန်းလမ်းညွှန်များ |
|---|---|---|---|---|---|---|
| ရွေးကောက်ပွဲ ကုန်ကျစရိတ် | သက်ဆိုင်ရာ ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲက အရည်အချင်း ပျက်ယွင်းကြောင်း( သတ်မှတ်ထားသည့် ရွေးကောက်ပွဲ အသုံးစရိတ်ထက် ကျော်လွန်ခြင်း၊ အသုံးစရိတ်အစီရင်ခံစာ တင်သွင်းရန် ပျက်ကွက်ခြင်းကြောင့်) သတ်မှတ်ခြင်းခံရသည့် ကိုယ်စားလှယ်လောင်းများ | အရည်အချင်း ပျက်ယွင်းသည် ဟု တင်ပြခြင်းခံရသည့် ကိုယ်စားလှယ်လောင်း (သို့) ယင်း၏ ရွေးကောက်ပွဲ ကိုယ်စားလှယ် | အရည်အချင်းပျက်ယွင်းသည် ဟု မသတ်မှတ်သင့်ကြောင်း လျှောက်ထားချက်နှင့် သက်ဆိုင်ရာ ရွေးကောက်ပွဲ ကော်မရှင် အဖွဲ့ခွဲက ပေးပို့သည့် အစီရင်ခံစာကို ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ကစစ်ဆေးခြင်း။ စစ်ဆေးမည့်ရွေးကောက်ပွဲ ခုံအဖွဲ့ဖွဲ့စည်းခြင်း၊ခုံအဖွဲ့သည် လျှောက်ထားချက်နှင့်အစီရင် ခံစာကို စိစစ် စစ်ဆေးပြီး ကော်မရှင်ကို တင်ပြခြင်း။ | အရည်အချင်း မပြည့်မီကြောင်း သက်ဆိုင်ရာ ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲက ကြော်ငြာ စာကပ်သည့်နေ့မှ ၁၅ရက် အတွင်း | မပေးရပါ။ | ရွေးကောက်ပွဲဥပဒေ၊ အခန်း(၁၂)။ ရွေးကောက်ပွဲ နည်းဥပဒေ အခန်း (၁၃)၊ နည်း ၈၂၊ ၈၃။ |
| ရွေးကောက်ပွဲ ဥပဒေများ၏ အခန်း ၁၃တွင် ပြဌာန်းထားသော အချက်များအရ ရွေးကောက်ပွဲ ပြစ်မှုများ | ရွေးကောက်ပွဲ ဥပဒေ အခန်း ၁၃တွင် ပြဌာန်းထားသော ချိုးဖောက်မှုများ (ဥပမာ ဟန်ဆောင်ခြင်း၊ လာဘ်ထိုးခြင်း၊ ခြိမ်းခြောက်ခြင်း) အပေါ် တိုင်ကြားခြင်း (ရဲအရေးပိုင်သည့် ပြစ်မှုများ) | မဲဆန္ဒရှင်များ၊ ကိုယ်စားလှယ် လောင်း၊ ကော်မရှင်အဖွဲ့ခွဲအဖွဲ့ဝင် သို့မဟုတ် သက်ဆိုင်ရာ မဲဆန္ဒနယ်၏ မဲရုံအဖွဲ့ဝင်၊ ရဲတပ်ဖွဲ့ဝင် စသည် | သက်ဆိုင်ရာ တရားရုံးများ၊ ရဲတပ်ဖွဲ့စခန်းများ | ရွေးကောက်ပွဲ မကျင်းပမီ၊ ကျင်းပစဉ်နှင့် ကျင်းပပြီး ၁၅ရက်အတွင်း | | လွှတ်တော်ရွေးကောက်ပွဲ ဥပဒေ အခန်း (၁၃)၊ ရွေးကောက်ပွဲနည်းဥပဒေများ။ လုပ်ငန်းလမ်းညွှန်များ။ ရာဇသတ်ကြီးအခန်း (၉) ကပါ ရွေးကောက်ပွဲဆိုင်ရာ ပြစ်မှုများ (ပုဒ်မ ၁၇၁ က မှ ၁၇၁ ည) |

| အကြောင်းအရာ | တိုင်ကြားမှု အမျိုးအစား | မည်သူလျှောက်ထား နိုင်သနည်း | မည်သည့်နေရာတွင် လျှောက်ထားနိုင်သနည်း | မည်သည့်အချိန်တွင် လျှောက်ထားနိုင်သနည်း | အခကြေးငွေ ပေးရပါသလား | ရွေးကောက်ပွဲ ဥပဒေ၊ နည်းဥပဒေများနှင့် လုပ်ငန်းလမ်းညွှန်များ |
|---|---|---|---|---|---|---|
| | တရားရုံး၏ ဆုံးဖြတ်ချက်အပေါ် အယူခံဝင်ခြင်း။ | ဆုံးဖြတ်ချက်ကို မကျေနပ်သူ မည်သူမဆို | အယူခံစီရင်ဆုံးဖြတ်ပိုင်ခွင့် အာဏာရှိ တရားရုံး | | | ပြစ်မှုဆိုင်ရာ ကျင့်ထုံး |

ရွေးကောက်ပွဲဥပဒေပုဒ်မ (၅၃) အရ ရွေးကောက်ပွဲကိစ္စအတွက် ကော်မရှင်အဖွဲ့ ခွဲအသီးသီး၏ဆောင်ရွက်ချက်၊ ဆုံးဖြတ်ချက်များနှင့် စပ်လျဉ်း၍ ကော်မရှင်သည် မိမိ၏ ဆန္ဒအလျောက် သက်ဆိုင်ရာ အမှုတွဲ၊ စာရွက်စာတမ်း များကို တောင်းယူကြည့်ရှု၍ လိုအပ်သလို အဆုံးအဖြတ် ချမှတ်နိုင်သည်။ ယင်းဆုံးဖြတ်ချက်သည် အပြီးအပြတ် ဖြစ်စေရမည်။